# Message Five
# စပျစ်နွယ်ပင်၏မြေ

ဖတ်ရန်ကျမ်း။ ။ ဖိ၊၂း၁၇။ က၊၃၅း၁၄။ ၂တိ၊၄း၆

**I. စပျစ်နွယ်ပင်က စွန့်လွှတ်ပူဇော်သောခရစ်တော်၊ မိမိကိုယ်တော်တိုင်၏ အရာခပ်သိမ်းကို ယဇ်ပူဇော်သောအရှင် ခရစ်တော်ကို ပုံဆောင်ပြီး ကိုယ်တော်၏ယဇ်ပူဇော်ခြင်းထဲက ဘုရားသခင်နှင့် လူကို ရွှင်လန်းစေမည့် စပျစ်ရည်အသစ်ကို ထုတ်လုပ်ခဲ့သည် -တရား၊၈း၈။ သူကြီး၊၉း၁၃။ ဆာ၊၁၀၄း၁၅က။**

A. ခရစ်တော်သည် စပျစ်ရည်ထုတ်လုပ်သူဖြစ်ကာ၊ ဘုရားသခင်နှင့် အခြားသူတို့ကို ရွှင်လန်းစေခြင်းငှာ စပျစ်ရည်ကို ထုတ်လုပ် ရန် မိမိကိုယ်တော်တိုင်ကို ပူဇော်ခဲ့သည်။

B. စပျစ်နွယ်ပင်အနေဖြင့် ခရစ်တော်သည် ဘုရားသခင်အတွက် ပျော်ရွှင်ခြင်းနှင့် အခြားသူများအတွက် ပျော်ရွှင်ခြင်းကို ထုတ်လုပ်ပေးသည်။

**II. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်အားဖြင့် ပုံဆောင်ထားသည့် ခရစ်တော်ကို ဆက်သွယ်၍၊ ကိုယ်တော်၏ ယဇ်ပူဇော်သောအသက်တာကို တွေ့ကြုံခံစားမည်ဆိုလျှင် ကိုယ်တော်သည် စွန့်လွှတ်ပူဇော်သောအသက်တာ၊ အခြားသူများနှင့် ဘုရားသခင်ကို ပျော်ရွှင်စေသော စပျစ်ရည်ကို ထုတ်လုပ်သည့်အသက်တာကို အသက်ရှင်ရန် ကျွန်ုပ်တို့အား ခွန်အားဖြည့်ပေးမည်ဖြစ်သည် - ရော၊၁၂း၁။ ၈၊ ၅း၂။ ၂ကော၊၁း၂၄။**

A. သခင်ဘုရား၏ အုပ်စိုးဦးဆောင်မှုအောက်၌ ကျွန်ုပ်တို့သည် အခြားသူများအား ပျော်ရွှင်စေခြင်းငှာ ကျွန်ုပ်တို့ကိုယ်ကို စွန့်လွှတ်ပူဇော်ရန် လိုအပ်နေသည့် အခြေအနေများအထဲသို့ ထားရှိခံရခြင်း ရှိကောင်းရှိမည်ဖြစ်သည် - ရော၊၁၂း၁။ ၈၊၅း၂။

1. ထိုသို့သော အခြေအနေအလယ်၌ ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်မည်ဆိုလျှင် ကိုယ်တော်ကို စပျစ်ရည်ထုတ်လုပ်သော စပျစ်နွယ်ပင်အဖြစ်၊ ဘုရားသခင်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း ရွှင်လန်းခြင်းပေးသည့် အရှင်အဖြစ် တွေ့ကြုံခံစားကြလိမ့်မည်ဖြစ်သည် - ဖိ၊၃း၁က။

2. ခရစ်တော်ကို စပျစ်နွယ်ပင်အဖြစ် တွေ့ကြုံခံစားခြင်း၏ ရလဒ်မှာ ကိုယ်တော်၌၊ ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်မှတဆင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် လူကို ရွှင်လန်းခြင်းရှိစေရန် တစ်စုံတစ်ရာကို ထုတ်လုပ်သော စပျစ်နွယ်ပင် ဖြစ်လာကြခြင်း ဖြစ်သည်။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏ အရာအားလုံးပါဝင်ခြင်း၏ ဤသွင်ပြင်၌ တွေ့ကြုံခံစားမည်ဆိုလျှင် ကျွန်ုပ်တို့၌ သောက်စရာ စပျစ်ရည်များစွာ ရှိမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် "ယစ်မူး"၍ "ရူးသွပ်"ခြင်းရှိကြကာ၊ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝကြလိမ့်မည်ဖြစ်သည် - ယော၊၁၅း၁၁။ တ၊၅း၄၁။ ၁၃း၅၂။ ဖိ၊၃း၁က။ ၄း၄။

C. ကျွန်ုပ်တို့ကိုယ်တိုင်၌ ကျွန်ုပ်တို့သည် စွန့်လွှတ်ပူဇော်သည့်အသက်တာကို အသက်ရှင်ရန် မတတ်နိုင်ကြပါ၊ အကြောင်းမှာ ကျွန်ုပ်တို့၏ အသက်တာသည် ဇာတိအသက်၊ တစ်ကိုယ်ကောင်းဆန်သောအသက် ဖြစ်သောကြောင့်တည်း - ယောဘ၂း၄။ မ၁၆း၂၅။

1. ခရစ်တော်၏အသက်သာလျှင် စွန့်လွှတ်ပူဇော်သည့်အသက် ဖြစ်သည်။
2. စွန့်လွှတ်ပူဇော်သော သိုးသငယ်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်ကာ၊ အခြားသူများထံ သူတို့အား ရှင်လန်းစေရန်နှင့် သူတို့ကို ပျော်ရွှင်စေရန် ကျွန်ုပ်တို့ကိုယ်ကို စွန့်လွှတ်ပူဇော်ဖို့ ခွန်အားဖြည့်ပေးနေသည် - ၂ကော၄း၁၂။ ဧ၅း၂။
3. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်၍၊ ကိုယ်တော်၏ စွန့်လွှတ်ပူဇော်သော အသက်ကို တွေ့ကြုံခံစားမည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်အတွက်လည်းကောင်း၊ အခြားသူများအတွက်လည်းကောင်း စွန့်လွှတ်ပူဇော်ခြင်းငှာ ခွန်အားဖြည့်ပေးခြင်းနှင့် သန်စွမ်းစေခြင်း ရှိလိမ့်မည်ဖြစ်သည် - ယော၁း၂၉။ ၂၀း၂၂။ ၁ကော၁၅း၄၅ခ။ ၆း၁၇။ ဖိ၄း၁၃။ ရော၁၂း၁။ ဧ၅း၂။
   a. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏ စွန့်လွှတ်ပူဇော်သောအသက်နှင့်အတူ စပျစ်နွယ်ပင်အဖြစ် တွေ့ကြုံခံစားခြင်းရှိလေလေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အခြားသူများကို ပျော်ရွှင်စေခြင်းငှာ ကျွန်ုပ်တို့ကိုယ်ကို စွန့်လွှတ်ပူဇော်ရန် ခွန်အားဖြည့်ပေးခြင်း ခံရလေလေ ဖြစ်လိမ့်မည်။
   b. ကျွန်ုပ်တို့သည် ပျော်ရွှင်ခြင်းဖြင့် "ယစ်မူး"ကြမည်ဖြစ်ကာ၊ အပျော်ရွှင်ဆုံးသောပုဂ္ဂိုလ်မှာ တစ်ကိုယ်ကောင်းဆန်မှု အကင်းမဲ့ဆုံးသောသူဖြစ်ကြောင်း သိနားလည်ကြမည်ဖြစ်သည်။
   c. ကျွန်ုပ်တို့ကို ဆက်သွယ်လာသောသူများထံ ကျွန်ုပ်တို့က ပျော်ရွှင်မှုကို ယူဆောင်လာပြီး၊ ဘုရားသခင်ထံ ရှင်လန်းခြင်းကို ယူဆောင်လာကြမည်ဖြစ်သည် - ၂ကော၁း၂၄။ ၅း၁၃က။

## III. ခရစ်တော်ကို စပျစ်ရည်ထုတ်လုပ်သော စပျစ်နွယ်ပင်အဖြစ် တွေ့ကြုံခံစားခြင်းအားဖြင့် လည်းကောင်း၊ စပျစ်ရည်အသစ်အဖြစ် ကိုယ်တော်နှင့် ဖြည့်ခြင်းခံခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ကိုယ်တော်၌၊ ကိုယ်တော်နှင့်အတူ သွန်းလောင်းရာပူဇော်သက္ကာ ဖြစ်လာကြသည် - က၊ ၃၅း၁၄။ ထွ၂၉း၄၀-၄၁။ ဖိ၂း၁၇။ ၂တိ၄း၆။

A. သွန်းလောင်းရာပူဇော်သက္ကာသည် ဘုရားသခင့်ရှေ့တော်၌ ကိုယ်တော်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် စစ်မှန်သောစပျစ်ရည်အဖြစ် သွန်းလောင်းသောအရှင်ဖြစ်သည့်ခရစ်တော်ကို ပုံဆောင်သည် - ထွ၂၉း၄၀-၄၁။

1. သွန်းလောင်းရာပူဇော်သက္ကာသည် အခြေခံပူဇော်သက္ကာများအပေါ် ထပ်ဆင့်ပေါင်းထည့်ခြင်းဖြစ်ပြီး၊ အခြေခံပူဇော်သက္ကာများမှ တစ်ခုခုအပေါ် သွန်းလောင်းခြင်းဖြစ်သည် - စာရင်း၊၁၅း၁-၁၀။ ၂၈း၇-၁၀။
2. သွန်းလောင်းရာပူဇော်သက္ကာ စပျစ်ရည်သည် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် သွန်းလောင်းခဲ့သည်။ ၎င်းသည် ဘုရားသခင်အဖို့ သောက်သုံးရာအတွက် သွန်းလောင်းခြင်းဖြစ်သည် - ထွ၊၂၉း၄၀-၄၁။
   a. ခရစ်တော်သည် မိမိ၏ဖြစ်ခြင်းကို ဘုရားသခင်ထံသို့ သွန်းလောင်းခဲ့သည် - ဟေရှာ၊ ၅၃း၁၂။
   b. ခရစ်တော်သည် ဘုရားသခင်ထံသို့ ကိုယ်တော်၏ ကျေနပ်အားရရာအတွက် သွန်းလောင်းသော ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာ စပျစ်ရည်ဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်ကို ပျော်ရွှင်စေရန် စပျစ်ရည်အဖြစ် မိမိကိုယ်ကို သွန်းလောင်းခဲ့သည်။

B. သွန်းလောင်းရာပူဇော်သက္ကာသည် ခရစ်တော်ကိုယ်တော်တိုင်ကိုသာမက၊ ဘုရားသခင်၏ မွေ့လျော်ဝမ်းမြောက်မှုနှင့် ကျေနပ်နှစ်သိမ့်ခြင်း အလို့ငှာလည်းကောင်း၊ ဘုရားသခင်၏ တည်ဆောက်ခြင်းအလို့ငှာလည်းကောင်း သွန်းလောင်းရန် ကိုယ်တော်နှင့် ကျွန်ုပ်တို့ တစ်လုံးတစ်ဝ ဖြစ်လာသည့်တိုင် ကောင်းကင်ဆိုင်ရာ စပျစ်ရည်အဖြစ် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ပျော်ဝင်ပြည့်ဝစေသော ခရစ်တော်ကိုလည်း ပုံဆောင်ခြင်းဖြစ်သည် - မ၊၉း၁၇။ ဖိ၊၂း၁၇။ ၂တိ၊ ၄း၆။

1. သွန်းလောင်းရာပူဇော်သက္ကာသည် ပူဇော်သောသူက မွေ့လျော်ဝမ်းမြောက်ရသော၊ သူ့ကို ဖြည့်ပေးပြီး၊ သူ့အား ဘုရား သခင်ထံသို့ စပျစ်ရည်ဖြစ်လာစေသောသူ ကောင်းကင်ဆိုင်ရာ စပျစ်ရည်အဖြစ် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် - ဖိ၊၂း၁၇။
   a. ခရစ်တော်ကို ပူဇော်သက္ကာများအဖြစ် တွေ့ကြုံခံစားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် ဖြည့်ခြင်းခံသူများနှင့် ပျော်ဝင်ပြည့်ဝသူများ ဖြစ်လာကြသည် - ဧ၊ ၃း၁၇။ ဂလ၊၄း၁၉။
   b. ကျွန်ုပ်တို့က ပူဇော်သက္ကာများအဖြစ် အတွင်းကျကျ တွေ့ကြုံခံစားရသော ခရစ်တော်သည် ကျွန်ုပ်တို့၌ စပျစ်ရည် ဖြစ်လာပြီး၊ ကျွန်ုပ်တို့ကို အတိုင်းမသိ ပျော်ရွှင်ခြင်းနှင့် ဝမ်းသာခြင်းကို ဖြစ်စေသည် - မ၊၉း၁၇။ ၂ကော၊၅း၁၃က။
   c. နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာ စပျစ်ရည်အဖြစ် ခရစ်တော်ဖြင့် ပျော်ဝင်ပြည့်ဝကြကာ၊ စပျစ်ရည်နှင့် တစ်လုံးတစ်ဝဖြစ်ကြပြီး၊ စပျစ်ရည်ကိုယ်တိုင် ဖြစ်လာကြသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် သွန်းလောင်းရာပူဇော်သက္ကာ ဖြစ်ရန် အရည်အချင်းပြည့်မီကြသည် - မ၊၉း၁၇။ ၂ကော၊၅း၁၃က။ ဧ၊၅း၂။ ဖိ၊၂း၁၇။

2. ယာကုပ်သည် ဗေသလ၌ ကျောက်တိုင်အပေါ် သွန်းလောင်းရာ ပူဇော်သက္ကာကို သွန်းလောင်းခဲ့ပြီး၊ ယင်းမှာ သွန်းလောင်းရာ ပူဇော်သက္ကာသည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ဖြစ်ကြောင်း ရည်ညွှန်းသည် - က၊၃၅း၁၄။
   a. ဗေသလ၌ သွန်းလောင်းခဲ့သည့် စပျစ်ရည်သည် စပျစ်သီးနယ်ရာကျင်းမှ တိုက်ရိုက်ရရှိသည့် စပျစ်ရည်မဟုတ်ပါ၊ ၎င်းသည် ခရစ်တော်ကို စပျစ်ရည်အဖြစ် မွေ့လျော်ဝမ်းမြောက်သူများ၊ စပျစ်ရည်အဖြစ် ခရစ်တော်ဖြင့် ပျော်ဝင်ပြည့်ဝသူများထံမှ သွယ်ဝိုက်ရရှိသည့် စပျစ်ရည်ဖြစ်သည်။
   b. ဗေသလ၌၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ဖြစ်သည့် ဘုရားသခင့်အိမ်တော်၌ ကျွန်ုပ်တို့သည် နောက်ဆုံးတွင် သွန်းလောင်းရာပူဇော်သက္ကာအဖြစ် သွန်းလောင်းရန် လိုအပ်သည် - ၂ကော၊၁၂း၁၅က။

## IV. တမန်တော်ပေါလုသည် သန့်ရှင်းသူများ၏ ယုံကြည်ခြင်း ယဇ်နှင့် အစေခံခြင်းအပေါ်မှာ သွန်းလောင်းခဲ့သည့် သွန်းလောင်းရာ ပူဇော်သက္ကာ ဖြစ်လာခဲ့သည် - ဖိ၊၂း၁၇။ ၂တိ၊၄း၆။

A. ဖိလိပ္ပိ ၂း၁၇ နှင့် ၂တိမောသေ ၄း၆ ရှိ သွန်းလောင်းရာပူဇော်သက္ကာ၏ စပျစ်ရည်မှာ ပေါလုကို ပျော်ဝင်ပြည့်ဝစေသော၊ သူ့အား စပျစ်ရည် ဖြစ်စေခဲ့သောအရှင် မဿဲ ၉း၁၇ ရှိ ထိုခရစ်တော် (စပျစ်ရည်) ပင်ဖြစ်ပေသည်။

B. ပေါလုသည် အသင်းတော်အတွက် သွန်းလောင်းရာပူဇော်သက္ကာ ဖြစ်လာခဲ့သည်။ ဤသည်မှာ သွန်းလောင်းရာ ပူဇော်သက္ကာသည် ဘုရားသခင်ကို ကိုးကွယ်ခြင်းအတွက်သာမက၊ အထူးသဖြင့် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက်ဖြစ်ကြောင်း ညွှန်ပြနေသည်။

C. သွန်းလောင်းရာပူဇော်သက္ကာသည် အခြေခံပူဇော်သက္ကာကို လိုအပ်ကြောင်း မူအလေ့အလာအပေါ် အခြေခံ၍ ပေါလုက ယုံကြည်သူများ၏ ယုံကြည်ခြင်း ယဇ်နှင့် အစေခံခြင်းကို သူက မိမိကိုယ်ကို သွန်းလောင်းရာပူဇော်သက္ကာအဖြစ် သွန်းလောင်းနိုင်မည့် အခြေခံ ပူဇော်သက္ကာအဖြစ် မှတ်ယူခဲ့သည် - ဖိ၊၂း၁၇။
   1. ဤနေရာရှိ ယုံကြည်ခြင်းမှာ ယုံကြည်သူများက တွေ့ကြုံခံစားခဲ့သော၊ မွေ့လျော်ဝမ်းမြောက်ခဲ့သော ခရစ်တော်၏ အရာအားလုံး ပါဝင်သည်။ အဆုံးစွန်အနေဖြင့် ၎င်းသည် ယုံကြည်သူများကိုယ်တိုင်၏ ဖြစ်ခြင်းများ ပါဝင်သည်။
   2. ပေါလုက မိမိကိုယ်ကို သွန်းလောင်းရာပူဇော်သက္ကာအဖြစ် သွန်းလောင်းနိုင်မည့် အခြေခံ ပူဇော်သက္ကာမှာ ဖိလိပ္ပိမြို့၌ရှိသော ယုံကြည်သူများ၏ ယုံကြည်ခြင်းဖြစ်သည်။
      a. ယဇ်သည် ယုံကြည်သူများကိုယ်တိုင် မဟုတ်ဘဲ၊ ယုံကြည်သူများ၏ ယုံကြည်ခြင်းဖြစ်သည်။
      b. ယုံကြည်ခြင်း၊ နှုတ်ကပတ်တော်နှင့် ထိုဝိညာဉ်တော်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်သည် - ရော၊၁၀း၁၇။ ၈း၉။

## သင်တန်းကောက်နုတ်ချက်များ

3. ဖိလိပ္ပိ ၂း၁၇ ရှိ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့က ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အမြတ်ရယူခြင်း၏ စုစုပေါင်းရလဒ်ဖြစ်သည်။
    a. ခရစ်တော်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အမြတ်ရယူခြင်းသည် ဘုရားသခင်ထံသို့ ပူဇော်သည့် ချိုမြိန်သော ယဇ်ဖြစ်လာသည်။
    b. ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှတဆင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ ခရစ်တော်ကို အမြတ်ရယူခြင်း၊ ခရစ်တော်ကို ပိုင်ဆိုင်ခြင်း ရှိကြပြီး၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ယဇ်ဖြစ်လာကာ၊ ယင်းသည် ဘုရားသခင်ထံသို့ ပူဇော်နိုင်သော၊ ၎င်းအပေါ် သွန်းလောင်းရာ ပူဇော်သက္ကာကို သွန်းလောင်းနိုင်သော အရာ ဖြစ်လာသည်။